ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၈ရက်၊ ကြာသပတေးနေ့၊ (20-11-2008)(၅၈ ၆၈)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　　နိုဝင်ဘာ　၁၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖွံ့ဖြိုးဝေစည် မြို့မတူပီ

သတင်းမှတ်တမ်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံမှတ်တမ်း - ဌေးအောင်(ကြေးမုံ)

"မေးပါများ စကားရ၊ သွားပါများ ခရီးရောက်" ဆိုသကဲ့သို့ပင် သိလိုသမျှကို မေးမြန်းရင်း ခရီးတစ်ထောက်ပြီးတစ်ထောက် သွားခဲ့ကြရာ ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်သို့ ကြေးမုံသတင်းအဖွဲ့ရောက်ခဲ့ကြရပြန်သည်။

ခရီးရောက်မဆိုက်ပင် မင်းတပ်ခရိုင် ဦးစီးအရာရှိ ဦးတွာလ်ကယ်ထန်၊ မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့ထံ ဝင်ရောက်နှုတ်ဆက် သတင်းပို့ခဲ့ကြပြီး မတူပီမြို့နှင့် ခြောက်မိုင်အကွာ ဘုံတလာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ဝင်ရောက် လေ့လာခွင့်ရခဲ့ကြသည်။

ဘုံတလာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ မတူပီမြို့မြောက်ဘက် လုံဟိန်းတောင်မှ မြစ်ဖျားခံ၍ ကျလာသော ဘုံတလာရေတံခွန်မှ စီးဝင်သော လည်မျိုမြစ်ရေကိုယူ၍ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ကြီးများသာမက နယ်စပ်ဒေသများပါမကျန် လျှပ်စစ်ဓာတ်အား

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



**မတူပီမြို့အဝင် လည်မျိုတံတား၏ တစ်ဖက်တစ်ချက်တွင် မိုးစပါးများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့မြင်ရစဉ်။**

ကြေးမုံ The Mirror

၂၀-၁၁-၂၀၀၈
(ကြာသပတေးနေ့)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လမ်းကွန်ရက်များ ပိုမိုဖွံ့ဖြိုးတိုးတက် ခရီးသွားလာကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်

ရေမြေသဘာဝ သယံဇာတပေါများကြွယ်ဝခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်းတို့သည် ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထဝီဝင်အနေအထားအရ မြစ်ချောင်း၊ တောင်တန်း၊ ချိုင့်ဝှမ်း၊ လျှိုမြောင်များ၊ မြစ်ဝှမ်းလွင်ပြင်နှင့် ကုန်းမြင့်ဒေသများ ရောပြွမ်းတည်ရှိနေသည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ စွမ်းပကားဖြင့် သဘာဝအတားအဆီးများကို ကျော်ဖြတ်၍ လမ်း၊ တံတားပေါင်းများစွာကို ကြိုးပမ်းဖောက်လုပ် တည်ဆောက်နိုင်သဖြင့် ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးမှု အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်၌ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကုန်စည်စီးဆင်းမှု များပြားလာကာ မော်တော်ယာဉ်စီးရေလည်း တိုးတက်များပြားလာသည်။ လူဦးရေတိုးတက်လာခြင်းနှင့် လမ်းခရီးတစ်လျှောက်ရှိ မြို့ရွာများဖွံ့ဖြိုးလာခြင်းတို့ကြောင့် လမ်း၊ တံတားများကို ဆက်လက်ဖောက်လုပ်တည်ဆောက်လျက်ရှိရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် တစ်ခုအပါအဝင်ဖြစ်သည်။

ရန်ကုန်-မန္တလေး ရှစ်လမ်းသွားအမြန်လမ်းမကြီးသည် ၃၅၂ မိုင်ကျော်ရှည်လျားပြီး လမ်းတစ်လျှောက်၌ တံတားအစင်းပေါင်း ငါးရာကျော် ပါရှိမည်ဖြစ်သည်။ အဆိုပါလမ်းမကြီး ဖောက်လုပ်ပြီးစီးပါက ရန်ကုန်-နေပြည်တော်-မန္တလေးတို့အကြား သတ်မှတ်အမြန်နှုန်းဖြင့် မောင်းနှင်ချိန် ရှစ်နာရီခန့်သာ ကြာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းနှင့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းတို့ ပါဝင်သည်။

ယနေ့အချိန်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ကာယဉာဏလုပ်သားများ၏ ကြိုးပမ်းမှုစွမ်းအားဖြင့် လမ်း၊ တံတားပေါင်းများစွာကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာပြီး ပြည်သူများ၏ လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

# တောင်သူ ဦးခွန်ရွှေမောင်၏ (၄၅)ဧကရှိ အားမာန်သစ်ရော်ဘာခြံနှင့် ကြားသီးနှံစိုက်ခင်းများ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၉

**ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် အောက်တိုဘာ ၂၃ ရက်တွင် ကရင်ပြည်နယ် ကော့ကဒါကျေးရွာ တောင်သူဦးခွန်ရွှေမောင်၏ ၄၅ဧကရှိ အားမာန်သစ်ရော်ဘာခြံ၌ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကိုလည်းကောင်း၊ နောင်ပထုကျေးရွာအနီး တောင်သူဦးသန်းရွှေ၏ ဧက ၃၀ နှစ်ရှည်ရော်ဘာပင်အကြား ကြားသီးနှံအဖြစ် ပဲတီစိမ်းနှင့်မြေပဲများ စိုက်ပျိုးထားရှိမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။**

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ကော့ကရိတ်မြို့နယ် ထားဝယ်ဒါန်းကျေးရွာအနီး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့် မိုးစပါးစိုက်ခင်းများကိုလည်းကောင်း၊ ထို့ကော်ကိုးကျေးရွာ၌ နှစ်ရှည်ရော်ဘာ ဧက ၁၀၀၀ အတွက် ပျိုးပင်တစ်သိန်း ပျိုးထောင်ထားရှိမှုနှင့် ရတနာတန်းဝင် နှစ်ရှည်ပင် ၁၅ မျိုး စိုက်ပျိုးထားရှိသည့် သစ်တောစိုက်ခင်းတို့ကိုလည်းကောင်း၊ ထို့ကော်ကိုး အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၉

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ စည်ပင်သာယာရဲတပ်ဖွဲ့ ဝန်ထမ်းအိမ်ရာဝင်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိသော ရေစုတွင်းကျယ် (Radial Collector Well) တူးဖော်နေမှုကို ကြည့်ရှု စစ်ဆေးသည်။**

အဆိုပါ ရေစုတွင်းကျယ်ကို အနက်၁၁၅ ပေနှင့် အချင်း ၁၂ ပေ တူးဖော် ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ အနက် ၅၅ ပေ တူးဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ လုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးပါက နေ့စဉ် ရေဂါလန်တစ်သန်း ထွက်ရှိမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော မြေအောက်ရေအရင်းအမြစ်ကို ကမာရွတ်၊ စမ်းချောင်းနှင့် ကြည့်မြင်တိုင်မြို့နယ်များသို့ ထပ်မံဖြည့်တင်းပေးဝေသွားမည်ဖြစ်သည်။

ဆက်လက်၍ မြို့တော်ဝန်သည် ရန်ကုန်မြို့ တာမွေမြို့နယ်မှ လမ်းအရှည်ပေ ၄၁၀၀ နှင့် အကျယ် ၇၂ ပေရှိ အရှေ့မြင်းပြိုင်ကွင်းလမ်းကို ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းနေမှု၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၄) ရပ်ကွက်ရှိ ထပ်မံတိုးချဲ့ ဆောင်ရွက်လျက်ရှိသော ရေပေးဝေရေး စခန်းအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်နှင့်ရေဂါလန် တစ်သိန်းခွဲဆံ့ ရေစုကန်၊ ရေတွန်းစက်ရုံ တည်ဆောက်နေမှု၊ အချင်းရှစ်လက်မရှိ စက်ရေတွင်းရှစ်တွင်း တူးဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်လှော်ကားလမ်းမှ အချင်း ၁၆ လက်မရှိမြေအောက်ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ သွယ်ယူနေမှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၇၀)ရပ်ကွက်မှ လမ်းအရှည်ပေ ၂၁၈၀ နှင့် အကျယ် ၁၂ပေရှိ နဝဒေးလမ်းကို ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ခင်းရန် ကျောက်စီခင်းကျင်းထားရှိမှု၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကတ္တရာလမ်း အဆင့်မြှင့်ခင်းရန် ကျောက်စီခင်းကျင်းထားရှိမှု၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ)က နှစ်ထပ် Steel Structure ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု **(အပေါ်ပုံ)**နှင့်လမ်းအရှည် ပေ၂၂၈၀ နှင့် အကျယ် ၁၂ ပေရှိ မဏိစည်သူလမ်းကို ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ခင်းရန် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အားမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၁၉)



# အလက(၂)ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

အလက(၂)ရန်ကင်း (စိန့်ဖေးဗီးယား)တွင် ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့သော အသက် (၆၀)ပြည့်ပြီး ဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်တိုင်ပါဝင် ကန်တော့ခြင်းပြုလုပ်နိုင်ရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဆရာဦးတင်ထွန်း ဖုန်း-၅၅၈၄၂၄၊ ဦးအေးကို ဖုန်း-၇၀၁၅၈၅၊ ၅၄၃၀၃၀၊ ဒေါ်ရီရီသိန်း ဖုန်း-၅၇၂၅၄၆၊ ဦးဝင်းနိုင် ဖုန်း- ၀၉၅၁ ၈၈၀၀၇၊ ဦးဇော်မင်း ဖုန်း-၀၉၉၉-၂၅၄၄၇၊ ဦးချိုထွန်း ဖုန်း-၅၆၆၆၁၂၊ ဒေါ်ခင်မေဦး ဖုန်း-၅၅၅၀၇၂၊ ဦးစိုးမြင့်ဦး ဖုန်း-၀၉၅၀ ၁၅၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကြက်တောင်ရိုက်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်

**နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းအဆင့် ကြက်တောင်ရိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။**

(သတင်းစဉ်)

# မန္တလေးမြို့ အထက(၁၂) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မန္တလေးမြို့ အထက (၁၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက(၁၂) နတ်ရှင်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများ အထက (၁၂)မန္တလေး ဖုန်း-၀၂-၃၉၄၂၆၊ ဒေါက်တာဖေသက်ခင် ဖုန်း-၀၉-၂၀၀၀၄၇၀၊ ဦးအောင်မြင့်(တရားရုံးချုပ်ရှေ့နေ)ဖုန်း-၀၉-၂၀၀၀၂၁၆၊ ဒေါ်အေးအေးမြတ် ဖုန်း-၀၂-၂၃၀၀၂၊ ကိုမောင်မောင်သန့် ဖုန်း-၀၉-၂၀၀၁၁၇၉၂၊ ဗိုလ်ကြီးအောင်သိန်းထွန်း ဖုန်း-၀၉-၂၀၁၃၇၄၃၊ မဝင်းစန္ဒာအောင် ဖုန်း-၀၉-၂၀၀၂၁၁၈၊ ကိုကျော်ကျော်အုန်း ဖုန်း-၀၉-၂၀၂၇၄၅၇၊ မသီတာစိုး ဖုန်း-၀၉-၅၀၂၆၁၂၇၊ ကိုသန်းဌေးအောင် ဖုန်း-၀၉-၂၀၀၇၇၂၆၊ မအေးမိမိထွန်း ဖုန်း- ၀၉-၅၁၇၆၂၃၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများစုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(ကြေးမုံ)

# ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အစည်းအဝေးကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း အသင်းသူ၊ အသင်းသားများ၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ကျင်းပရေးကော်မတီမှ နှိုးဆော်ထားသည်။

(၅၄၂)

✧ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu လည်း တက်ရောက်သည်။

(သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E.Mr. Zhang Gaoli လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အတူ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu လည်း တက်ရောက်သည်။ (သတင်းစဉ်)

(စိန့်ဂျွန်း)ယောက်ျားကလေးကျောင်း

အာစရိယပူဇော်ပွဲ

ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၁၉၅၅-၇၀ ပြည့်နှစ်အတွင်း (စိန့်ဂျွန်းဒိုင်အိုစီစင်)ယောက်ျားကလေးကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းနေဖက်များ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းလိုသူများသည် ကိုသိန်းရွှေ ဖုန်း-၆၅၁၂၉၁၆၆၂၈၄၃၊ ကို Frank မြင့်သိန်း ဖုန်း-၇၂၂၄၄၇၊ ကိုလှကျော် ဖုန်း-၂၁၁၀၆၃၊ ကိုအောင်ခိုင် ဖုန်း-၂၁၂၁၃၆၊ ကိုသန်းမြင့် ဖုန်း-၅၁၉၃၄၅၊ ကိုခင်မောင်သန်း ဖုန်း-၇၀၀၆၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## အမျိုးသားနေ့ မော်ကွန်းဖွင့်

❒ မရှုံ့မယို့၊ အောက်မကျို့ဘဲ
ကိုယ့်ထုံးကိုယ့်စံ၊ ကိုယ်ပိုင်ဟန်ဖြင့်
နိုင်ငံစည်ပွား၊ သန်မာထွားသည့်
ပိုင်စံတည်ပွား၊ မြန်မာများဟု
ခံ့ညားထည်ဝါ ထင်ရှား၏။

❒ မြန်မာတို့ဘုန်း၊ မိုးသို့ချွန်းဟု
နှလုံးစွဲထင်၊ ကမ္ဘည်းတင်လျက်
ကိုယ့်အင်ကိုယ့်အား၊ အလေးထားကာ
ကိုးစားယုံကြည် မြတ်နိုး၏။

❒ ကမ္ဘာအသိ၊ သမ္မာရှိသည့်
ဇာတိသွေးသည်၊ ရဲရဲနီလျက်
တည်ကြည်ဖြောင့်မတ်၊ အကျင့်မြတ်နှင့်
စိတ်ဓာတ်ခိုင်ကျည် ခံ့ထည်၏။

❒ ခြောက်ချင်လည်းခြောက်၊ တွေးမကြောက်ပေ
မြှောက်ချင်လည်းမြှောက်၊ သွေးမမြောက်ဘဲ
အကောက်ကြံလည်း ဒို့မရှုံ့။
ခလောက်ဆန်လည်း ဒို့မတွန့်။

❒ စကားခြေထိုး၊ ကြားလေတိုးလည်း
ဒို့မျိုးဒို့ဆွေ၊ သွေးစည်းနေ၏။
တစ်မြေတည်းဖွား၊ တစ်မိသားမို့
လေးစားချစ်ကြင်၊ မြတ်နိုးခင်လျက်
အစဉ်တစိုက်၊ အယဉ်ကြိုက်သည့်
စရိုက်လက္ခဏာ၊ သိမ်မွေ့စွာနှင့်
ဝံသာနုတရား၊ စွဲတည်ပွားကာ
ဘိုးဘွားအမွေ၊ တိုးပွားစေလျက်
နီးကြားမသွေ၊ ကြိုးစားနေရင်း
ကိုယ့်ဆွေကိုယ့်အမျိုး၊ နောင်ရှယ်ကိုးလျက်
ဒို့မြေအကျိုး၊ ဆောင်သယ်ပိုးမည်
အမျိုးသားရေး ဖော်ညွှန်းဆင့်။
အမျိုးသားနေ့ မော်ကွန်းဖွင့်။

(၈၈)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

**ရေနံ့သာမောင်ကျော်ညွန့်**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်သံအမတ် လုံခြုံရေးစာချုပ် လက်မှတ်ရေးထိုး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၉**

အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှာဇာဘာရီနှင့် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ရမ်ကရော့ကာတို့သည် အမေရိကန်တပ်ဖွဲ့များအား အီရတ်နိုင်ငံတွင် နောက်ထပ်သုံးနှစ် ဆက်လက်တပ်စွဲခွင့်ပြုထားသော လုံခြုံရေးစာချုပ်ကို တနင်္လာနေ့က လက်မှတ်ရေးထိုးကြကြောင်း တရားဝင်ရုပ်မြင်သံကြားလိုင်းတစ်ခုမှ ကြေညာသည်။

**- အသံလွှင့်ပြောကြား -**

ယနေ့သည် အီရတ်နှင့်အမေရိကန် ဆက်ဆံရေးတွင် သမိုင်းဝင်နေ့တစ်နေ့ဖြစ်ကြောင်း လုံခြုံရေးစာချုပ်အား လက်မှတ်ရေးထိုးပြီးနောက် ဇာဘာရီက နိုင်ငံပိုင်ရုပ်မြင်သံကြားမှ အသံလွှင့်ပြောကြားသည်။

တပ်ဖွဲ့များ သဘောတူညီချက် အဆင့်အတန်း(ဆိုဖာ)နှင့် နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး အခြားသဘောတူညီချက်များကို အီရတ်အစိုးရအဖွဲ့က တနင်္ဂနွေနေ့တွင် တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။

ထိုသဘောတူညီချက် စာချုပ်မူကြမ်းကို ပါလီမန်သို့ တနင်္ဂနွေနေ့ကပင် ဆက်လက်တင်ပြခဲ့ပြီး ဆွေးနွေး မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။

**- ဆုတ်ခွာမည် -**

အဆိုပါ စာချုပ်မူကြမ်းတွင် အမေရိကန်တပ်ဖွဲ့များသည် အီရတ်မြို့တော်များ၊ မြို့များ၊ ကျေးရွာများမှ နေ၍ လာမည့်ဇွန်လ ၃၀ ရက်ခန့်တွင် ၎င်းတို့၏ စစ်စခန်းများဆီသို့ ဆုတ်ခွာမည်ဖြစ်သည်။ ထို့နောက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အီရတ်နိုင်ငံမှ ထွက်ခွာမည်ဖြစ်ကြောင်း အိမ်ဖြူတော် အရာရှိက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီး အာဖဂန်ကိစ္စ လုံးပန်းမည်ဟု ဘားရက်အိုဘားမား ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ စတင်ရုပ်သိမ်းရေးနှင့် စစ်ရေးအရ အာဖဂန်နစ္စတန်နိုင်ငံဘက်သို့ အာရုံစိုက်ရန် ရွေးကောက်ပွဲကာလအတွင်း မဲဆွယ်စည်းရုံးခဲ့ရာတွင် ပေးခဲ့သည့် ကတိကဝတ်အား ဖောက်ဖျက်ခြင်းမရှိဟု အမေရိကန်သမ္မတအဖြစ်အရွေးခံထားရသူ ဘားရက်အိုဘားမားက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားလိုက်သည်။

မိမိသမ္မတတာဝန် ထမ်းဆောင်ရာတွင် တွဲဖက်စစ်ဦးစီးချုပ်များ၊ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင်များအား ခေါ်ယူ၍ မိမိတို့၏ တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းမည့် အစီအစဉ်ကို ဆွေးနွေးမည်ဖြစ်သည်ဟု အိုဘားမားက ပြောကြားသည်။

အထူးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပတ်သက်၍ ပြဿနာများပေါ်ပေါက်နေကြောင်း၊ ယင်း၏အခြေအနေသည် ဆက်လက်ဆိုးရွားလျက်ရှိပြီး ယင်းနိုင်ငံနှင့်စပ်လျဉ်းသည့် ကြိုးပမ်းမှုများကို ကျားကန်ပေးရမည်ဟု ၎င်းက ပြောကြားသည်။

မိမိသည် ဇန်နဝါရီလတွင် သမ္မတအဖြစ် တာဝန်ယူတော့မည်ဖြစ်ရာ အယ်လ်ခိုင်ဒါနှိမ်နင်းရေးကိစ္စကို ဦးစားပေးဖြေရှင်းမည်ဖြစ်ပြီး ယင်းကွန်ရက်၏ ကြိုးကိုင်ဖြစ်သည့် အိုစမာဘင်လာဒင်အား သတ်ဖြတ် သို့မဟုတ် ဖမ်းဆီးခြင်းသည် အမေရိကန်လုံခြုံရေးတပ်ဖွဲ့အတွက် အရေးကြီးသည့်ကိစ္စဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုတစ်ခုအတွင်း ဒဏ်ရာရရှိသွားသော အပြစ်မဲ့ ကလေးငယ်တစ်ဦးအား ပြုစုကုသပေးစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဆော်ဒီအာရေဗျပိုင် ရေနံတင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲ

**နိုင်ရိုဘီ နိုဝင်ဘာ ၁၉**

ကင်ညာကမ်းရိုးတန်း၌ ရေနံစိမ်းနှင့် သင်္ဘောအမှုထမ်း ၂၅ ဦး တင်ဆောင်လာသော ဆော်ဒီအာရေဗျနိုင်ငံပိုင် ရေနံတင်သင်္ဘော တစ်စင်းအား ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ကြောင်း တနင်္လာနေ့တွင် ဒေသဆိုင်ရာ ပင်လယ်ရေကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယင်းရေနံတင်သင်္ဘောသည် အရှေ့အာဖရိက ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ဓားပြများ ပြန်ပေးဆွဲခြင်းခံရသော အကြီးဆုံးသင်္ဘော ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြန်ပေးဆွဲခံရသော ဆီရီးယပ်စ်အမည်ရှိ ရေနံတင်သင်္ဘောသည် ရေနံစိမ်းစည် နှစ်သန်းကျော် တင်ဆောင်ရန် ပုံစံထုတ် တည်ဆောက်ထားသော သင်္ဘောဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အာဖဂန်နစ္စတန်၌ အပြန်အလှန်တိုက်ခိုက်မှုကြောင့် တာလီဘန်များနှင့်အာဖဂန်တပ်ဖွဲ့ဝင်အပါအဝင် ၂၆ ဦးသေဆုံး

**ကဘူး နိုဝင်ဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံတွင် အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားမှုကြောင့် နိုဝင်ဘာ ၁၇ ရက်က တာလီဘန်စစ်သွေးကြွများနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ အပါအဝင် ၂၆ ဦးထက်မနည်း သေဆုံးကြောင်း အင်္ဂါနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

နိုဝင်ဘာ ၁၇ ရက်က အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပတ်တီကာပြည်နယ်တွင် တာလီဘန်စစ်သွေးကြွများ ခိုအောင်းနေသည်ဟု သံသယရှိသည့် နေရာများအား အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုပြုလုပ်ရာ စစ်သွေးကြွ ၂၀ သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဖာရတ်ချ်ပြည်နယ် အနောက်ပိုင်း ဘာလာဘူလာခ်ခရိုင်တွင် နိုဝင်ဘာ ၁၇ ရက်ကလည်း နှစ်နာရီကြာ တိုက်ခိုက်မှုများဖြစ်ပွားခြင်းကြောင့် တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း အာဖဂန်တပ်ဖွဲ့အရာရှိက ပြောကြားသည်။ ၎င်းက တပ်ဖွဲ့ဝင်များတိုက်ခိုက်မှုကြောင့် စစ်သွေးကြွများ သေကျေဒဏ်ရာရရှိမှုကို ပြောကြားခြင်းမရှိကြောင်း သိရသည်။

***အင်တာနက်။***




# အီးတီအေ သူပုန်အဖွဲ့ ခေါင်းဆောင်အား ပြင်သစ်၌ ဖမ်းဆီးရမိ

**မက်ဒရစ် နိုဝင်ဘာ ၁၉**

၂၀၀၆ ခုနှစ်တွင် မက်ဒရစ်လေဆိပ် ဗုံးဖောက်ခွဲမှု၌ ပါဝင်သည်ဟု ယူဆရသော ဘက်စကျူခွဲထွက်ရေးသူပုန်များ (အီးတီအေ) အဖွဲ့ခေါင်းဆောင်အား ပြင်သစ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း စပိန်နှင့်ပြင်သစ်အစိုးရတို့က တနင်္လာနေ့တွင် ပြောကြားသည်။

**သံသယရှိသူ**

စပိန်နယ်စပ်အနီးနှင့် ပြင်သစ်နိုင်ငံ တောင်ထူထပ်သော ပရီနီယမ်ဒေသတွင် နံနက် ၃ နာရီခွဲ၌ အီးတီအေအဖွဲ့မှ သံသယရှိသူ အမျိုးသမီးလိုင်ရာလိုပက်ဇ်နှင့်အတူ စပိန်နိုင်ငံမှ အလိုရှိသူ ဂါရီကတ်စ် အက်စပီယာဇူရှုဘီနာ တို့အား ဖမ်းဆီးရမိသည်။

***အမ်အင်အေ၊ရိုက်တာ။***



**အီရတ်နိုင်ငံ ကတ်စရာအရပ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာ၌ အရပ်ဘက်ကားများ ပျက်စီးနေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်ရေဒါစခန်းအား ချက်ပြည်သူတို့ ကန့်ကွက်

**ပရာဟာ နိုဝင်ဘာ ၁၉**

ချက်ရီပတ်ဘလစ်ပြည်သူ ၁၀၀၀ နီးပါးသည် အမေရိကန်ပြည်ထောင်စုက ဒုံးလက်နက်ကာကွယ်ရေး ရေဒါစခန်း တစ်ခုတည်ဆောက်မည့် အစီအစဉ်အား ကန့်ကွက်သောအားဖြင့် ပရာဟာမြို့တွင် တနင်္လာနေ့က စုဝေးဆန္ဒပြကြသည်။

"အမေရိကန်စခန်းအလိုမရှိ"၊ "ရေဒါစခန်းကို ၇၆ ရာခိုင်နှုန်း ပြည်သူများက ဆန့်ကျင်" စာတန်းများကိုင်ဆောင်ကာ တစ်နေ့လုံး ဆန္ဒပြကြသူများ ကြွေးကြော်ကြသည်။

ဆန္ဒပြသူတစ်ဦးက ချက်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့များ မရှိသင့်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ၎င်းက အမေရိကန်ရေဒါစခန်းသည် အီရန်နှင့် မြောက်ကိုရီးယားတို့ကို မရည်ရွယ်ဘဲ ရုရှားနိုင်ငံကို ရည်ရွယ်မည်ဟု ယုံကြည်နေသည်။

အဆိုပါဆန္ဒပြပွဲကို စစ်စခန်း အလိုမရှိသောအုပ်စုနှင့်အတူ အမေရိကန်ရေဒါစခန်းအား တစ်နိုင်ငံလုံးမှ ဆန့်ကျင်ကန့်ကွက်သည့် အုပ်စု ၄၀ ကျော်တို့ ပူးပေါင်းစီစဉ်ကြခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ယာဉ်အပျက်အစီးများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

❍ **ဖွံ့ဖြိုးဝေစည်မှု**

ရရှိရေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်ပေးနေခြင်းကြောင့် ဖြစ်ပေါ်လာသည့်အကျိုးရလဒ် တစ်ခုဖြစ်ကြောင်း သိခွင့်ရခဲ့သည်။

ဘုံတလာ ရေအားလျှပ်စစ်စက်ရုံသည် လည်မျိုချောင်းမှ ရေအားကို ရယူကာ ကီလိုဝပ် ၂၅၀ ဖရန်စစ်ရေအားလျှပ်စစ် တာဘိုင်နှစ်လုံးတပ်ဆင်ထားသည့် သံကူကွန်ကရစ် အမျိုးအစား ဓာတ်အားပေးစက်ရုံဖြစ်သည်။ လျှပ်စစ်မီးရရှိမှုကြောင့် ကြေးမုံသတင်းအဖွဲ့ ရောက်ရှိသည့်ဒေသမှာ ညအချိန်ပင်ဖြစ်လင့်ကစား စည်ကားစွာ သွားလာလှုပ်ရှားနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

ထိုမှ မတူပီလက်ဖက်ခြောက် စက်ရုံအတွင်း လေ့လာခွင့်ရခဲ့သည်။ လက်ဖက်ခြောက်ထုတ်လုပ်သော စက်မှာ မုံရွာစက်မှုဇုန်ထုတ်ပြည်တွင်းဖြစ် စက်ဖြစ်သည်။ ပေါင်းခံစက်ကြီးတွင် လက်ဖက်ခြောက်ရွက်အစို တစ်ခါထည့်လျှင် ၁၅ပိဿာထည့်နိုင်၍ ၁၀ မိနစ်တစ်ကြိမ် နှစ်ခါပေါင်းခံပြီးပါက မွှေစက်ထဲတွင်ထည့်၍လှည့်ပေးရသည်။ ထိုမှတစ်ဆင့် အခြောက်ခံစက်သို့ ပို့ဆောင်ပြီး ထွက်လာပါက အရည်အသွေးကောင်းမွန်သော လက်ဖက်ခြောက်များကို ရရှိသည်။ ယခုအခါ မတူပီလက်ဖက်ခြောက်စက်ရုံမှ တစ်လလျှင် လက်ဖက်ခြောက် ပိဿာချိန် ၃၀၀ ခန့်ထွက်ရှိနေကြောင်း သိရသည်။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ဒေသနှင့် ကိုက်ညီဖြစ်ထွန်းမည့် လက်ဖက်စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးကြပြီး ဒေသဝမ်းစာဖူလုံရေးအတွက် မျိုးစပါးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲကျင့်သုံးလာခြင်းကြောင့် ယခုအခါ မိုးစပါး၊ တောင်ယာစပါး၊ နွေစပါး ဧကပေါင်း ၂၄၃၉၆စိုက်ပျိုးပြီးဖြစ်ရာ ကြေးမုံသတင်းအဖွဲ့ လည်မျိုတံတားအား ဖြတ်သန်းစဉ် မြစ်ဘေး တစ်လျှောက် စိမ်းတစ်လီ ဝါတစ်လှည့် လေယူရာယိမ်းနွဲ့နေကြသော စပါးခင်းကြီးကို တစ်မျှော်တစ်ခေါ် တွေ့မြင်ခဲ့ရသည်။

မွေးမြူရေးအားတွင် စီမံကိန်းတစ်ရပ်အနေဖြင့် နွားနောက်ကိုအဓိကထား မွေးမြူကြရာ မြို့နယ်တစ်ခုလုံးအနေဖြင့် နွားနောက်ကောင်ရေ ၄၀၂၇ကောင် မွေးမြူခဲ့ပြီးဖြစ်ကြောင်းလည်း သိခဲ့ရသည်။

ပညာရေးကဏ္ဍအားဖြင့် အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်းရှစ်ကျောင်း၊ မူလတန်းကျောင်း ၁၃၃ ကျောင်းရှိကြောင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးများအိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့တွင်လည်း ပညာဆည်းပူးနေကြသော ဒေသခံလူငယ်များကို တွေ့မြင်ခဲ့ရသည်။

မတူပီမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၃၀၃ပေတွင်တည်ရှိပြီး ဧရိယာ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၁၉၀၆ ဒသမ ၄၁ မိုင်ကျယ်ဝန်းရာ ချင်းပြည်နယ်အတွင်း အကျယ်ဝန်းဆုံးသော မြို့တစ်မြို့ ဖြစ်သည့်အပြင် မြို့တွင်းလမ်းဆုံရှစ်လမ်းရှိပြီး ချောမွေ့သော ကတ္တရာခင်းလမ်းများအဖြစ် မြင်တွေ့ခဲ့ရသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုနည်းနိုင်သမျှနည်းစေရန် စီမံကိန်းကြီးများချမှတ်ကာ အကောင်အထည်ဖော်မှုကြောင့် ချင်းပြည်နယ်တောင်ပိုင်းမင်းတပ်ခရိုင် မတူပီမြို့မှာ အခြားအခြားသော ပြည်နယ် ပြည်မရှိ မြို့ကြီးများနှင့်မခြား ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလျက်ရှိပါကြောင်း ကိုယ်တိုင်မြင်တွေ့သမျှတို့အား သတင်းစကားပါး၍ ရေးသားလိုက်ရပါသည်။ ။



**လည်မျိုမြစ်၏အစ ဘုံတလာရေတံခွန်၏ အလှကို ဝေဟင်မှ သာယာရှုမောဖွယ် တွေ့ရစဉ်။**



**ဘုံတလာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း တပ်ဆင်ထားသော ကီလိုဝပ် ၂၅၀ ဖရန်စစ် ရေအားလျှပ်စစ် တာဘိုင်စက်နှစ်လုံးဖြင့် လည်ပတ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိစဉ်။**



**မတူပီ လက်ဖက်ခြောက် စက်ရုံအတွင်း ပေါင်းခံစက်ကြီးမှ ထွက်ရှိလာသော လက်ဖက်ခြောက်များကို တွေ့ရစဉ်။**



**မတူပီမြို့နှင့် ခြောက်မိုင်အကွာရှိ ဘုံတလာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။**

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၁-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ပန်းလှိုင်တံတား
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၃၀ ၄။ **“မပြောမပြီး မတီးမမြည်” (နေရဲလင်း၊မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ရှင်ဖုန်း၊ အိမ့်ချယ်၊မိုးဇော်၊ ခိုင်ဆုသွယ်၊စိုင်းခန့်စိုးလင်း) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ အကပြိုင်ပွဲ
- ၅း၂၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မုန်တိုင်း” (အပိုင်း-၂၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၄၇)**
- ၁၉။ အစီအစဉ်ပြီး၏။

(၈၈)နှစ်မြောက် အမျိုးသားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်နှင့် အမျိုးသားနေ့သန္နိဋ္ဌာန်

တက္ကသိုလ်မြတ်သူ

နိုင်ငံတစ်ခုတွင် လူမျိုးနွယ် သို့မဟုတ် လူမျိုးစု သို့မဟုတ် တိုင်းရင်းသားလူမျိုး စသည့် လူမျိုးအများအပြား စုပေါင်းနေထိုင်လေ့ရှိကြသည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၅၅မျိုးနှင့် မူလတရုတ်ဟန်လူမျိုးအပါအဝင် ၅၆မျိုး စုပေါင်းနေထိုင်လေ့ရှိကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၀၀ကျော် စုပေါင်းနေထိုင်ကြသည်။ တိုင်းရင်းသားတို့တွင် မိမိတို့လူမျိုးအမည် သီးခြားစီရှိကြသည်။ဥပမာ-မြန်မာနိုင်ငံ၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည်ဖြင့်ရှိကြသည်။ တရုတ်ပြည်၌ ဟွေ၊ ပိုင်၊ ယီ၊ မွန်ဂို၊ တိဘက်၊ ဟန်၊ တိုင် စသည်ဖြင့် တိုင်းရင်းသားအမည် ကိုယ်စီရှိကြသည်။

**နိုင်ငံတစ်နိုင်ငံတွင် သမိုင်းစဉ်ဆက် မရှိအတူ၊ ရှိအတူ အေးတူပူမျှ အတူတကွနေထိုင်ခဲ့သော တိုင်းရင်းသားလူမျိုးအားလုံး၏ အစုအပေါင်းသည် အမျိုးသား Nation ဟူ၍ဖြစ်လာသည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသားစုံတို့၏ အမျိုးသားအမည်မှာ မြန်မာဖြစ်သည်။ တရုတ်ပြည်မှ တိုင်းရင်းသား ၅၆ မျိုးတို့၏ စုပေါင်းအမျိုးသားအမည်မှာ တရုတ်ဟူ၍ဖြစ်သည်။ အလားတူ တိုင်းရင်းသားလူမျိုးအများအပြား စုဝေးနေထိုင်သော နိုင်ငံတိုင်းမှာပင် တစ်မျိုးသားလုံး လွှမ်းခြုံခေါ်ဝေါ်သော Nation (အမျိုးသား)နာမည် ရှိကြသည်ချည်းဖြစ်၏။**

အမျိုးသားဟူသောဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့် Nation ဟုခေါ်၏။ အမျိုးသားနှင့် စပ်ဆိုင်သော-ဟူသောအသုံးကို National ဟုသုံးကြ၏။ အမျိုးသားတို့၏အရေးကို National Cause ဟု သုံး၏။ အမျိုးသား (တစ်မျိုးသားလုံး)အကျိုးစီးပွားကို National Interest ဟုသုံးသည်။ မိမိနိုင်ငံမှ နိုင်ငံသား (အမျိုးသား)များကို ကောင်းစားစေလိုသော စိတ်ဓာတ်ကို National spirit ဟု သုံးကြသည်။

မြန်မာတို့သည် ၁၈၈၅ ခုနှစ်မှစ၍ ဗြိတိသျှနယ်ချဲ့တို့ လုယူသွားသော မြန်မာနိုင်ငံ၊ မြန်မာ့အချုပ်အခြာအာဏာ၊ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူရန်ကြိုးပမ်းခဲ့ရာ၌ အမျိုးသားနိုင်ငံရေးကိုင်စွဲခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် မြန်မာတို့တည်ထောင်သော YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်းခေါ် ဗုဒ္ဓဘာသာလူငယ်များအသင်းတွင် ရဟန်းရှင်လူများ စုဝေးကာ ဘာသာရေးမှ အစပြုပြီး ဆွေးနွေးကြ၊ တိုင်ပင်ကြသည်။ ဘာသာသာသနာညှိုးနွမ်းနေရသော နယ်ချဲ့အုပ်စိုးမှုကို ဝေဖန်ကြသည်။ဤသို့ဖြင့် အမျိုးဘာသာ၊ သာသနာအရေး အလေးထား ဆောင်ရွက်ကြသည်။ အမျိုးဟူသည်မှာ နိုင်ငံတွင်းရှိ သွေးချင်းသားချင်း ဆွေမျိုးရင်းချာများ၊ မြန်မာအမျိုးအဆွေများကို ရည်ညွှန်းသည်။ လူမျိုးများအရေးသည် အမျိုးသားရေးပင်ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တစ်နိုင်ငံလုံးရှိ YMBA အသင်းခွဲများ၊ အခြားဘာသာရေး၊ လူမှုရေးအသင်းများ စုပေါင်းကာ GCBA-General Council of Burmese Associations၊ မြန်မာအသင်းများအဖွဲ့ချုပ်ခေါ် ဂျီစီဘီအေတည်ထောင်ခဲ့သည်။ ဂျီစီဘီအေသည် အမျိုးဘာသာ သာသနာအရေး အလေးထား ဆောင်ရွက်ရင်း ဗြိတိသျှနယ်ချဲ့အစိုးရ၏ ကျွန်စော်နံသော၊ ကျွန်ဝန်ထမ်းများမွေးထုတ်ရန် ရည်ရွယ်သော၊ တကယ့်အဆင့်မြင့် ပညာရပ်များကို သင်မပေးဘဲ ကျွန်သက်ရှည်စေရန်ကိုသာ သင်ပေးသော ကျွန်ပညာရေးစနစ်ကို ကျောင်းသား၊ ကျောင်းသူများသာမက မိဘပြည်သူတစ်မျိုးသားလုံးနှင့်အတူ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကြောင့် ၁၉၂၀ပြည့်နှစ် ရန်ကုန်ယူနီဗာစီတီ(တက္ကသိုလ်)အက်ဥပဒေကို နယ်ချဲ့အစိုးရက ပြန်လည်ပြင်ဆင် ရေးဆွဲပေးခဲ့ရသည်။ ဤသို့ဖြင့် တစ်မျိုးသားလုံး၏ အောင်ပွဲ၊ မြန်မာလူထုအောင်ပွဲ၊ မြန်မာတို့၏ အမျိုးသားရေး အောင်ပွဲခံနိုင်ခဲ့သည်။

ဂျီစီဘီအေ အသင်းချုပ်ကြီးက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၏ အဆင့်တစ်ဆင့်ဖြစ်သော မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များ တိုးပွားရှင်သန်စေရန် နှစ်စဉ်ရက်တစ်ရက် သတ်မှတ်ပြီး အမျိုးသားနေ့ကျင်းပရန် စဉ်းစားခဲ့ကြသည်။ ဂျီစီဘီအေညီလာခံကိုယ်စားလှယ်တစ်ဦးက ဂျီစီဘီအေတည်ထောင်သောနေ့ကို အဆိုပြုသည်။ တစ်ဦးက ဆရာတော်ဦးဥတ္တမ နယ်ချဲ့ကိုဆန့်ကျင်ဟောပြော၍ ထောင်ကျသောနေ့၊ နောက်တစ်ဦးက ဆရာတော် ဦးဥတ္တမ ထောင်ကလွတ်သောနေ့ စသည်ဖြင့် အဆိုတင်ကြသည်။ အခြား ကိုယ်စားလှယ်နှစ်ဦးကမူ ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)သည် ယူနီဗာစီတီ အက်ဥပဒေကဲ့သို့သော နယ်ချဲ့ဗြိတိသျှ အစိုးရ၏ ကျွန်စော်နံ ဟောင်နေသည့် ဥပဒေကို တစ်မျိုးသားလုံး ဆန့်ကျင်ကန့်ကွက် တိုက်ပွဲဝင်ရာ၌ အောင်ပွဲခံသောနေ့ဖြစ်၍ ထိုနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း၊ ထိုနေ့သည် အမျိုးသားနေ့သာမက အမျိုးသား အောင်ပွဲနေ့ဖြစ်ကြောင်း အဆိုတင်ရာ ညီလာခံက လက်ခံဆုံးဖြတ်ခဲ့သည်။

ဤသို့ဖြင့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် နေ့တိုင်း မြို့တိုင်းတွင် အမျိုးသားနေ့(ဝါ) အမျိုးသားအောင်ပွဲနေ့ ကျင်းပကြသည်။ တစ်မြို့လုံးမှ မြို့သူ၊ မြို့သား၊ ကျောင်းသူ၊ ကျောင်းသားများ အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ဆင်နွှဲကြသည်။ အမျိုးသားနေ့ ကြွေးကြော်သံများကို လွတ်လပ်ရေး ကြိုးပမ်းမှုသို့ ရှေးရှုသတ်မှတ် ကြွေးကြော်ခဲ့ကြသည်။ **"အမျိုးသားနေ့ ဒို့နေ့ ဒို့နေ့"** ဟူ၍ နှစ်စဉ် ရှေ့မှ ကြွေးကြော်ကာ **"ကျွန်ပညာ အလိုမရှိ၊ လုံးဝ လွတ်လပ်ရေးချက်ချင်းပေး၊ သခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်"** ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။ အမျိုးသားနေ့ အခမ်းအနားများ၌ မျိုးချစ်ပုဂ္ဂိုလ်များက အမျိုးသားရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ တဖွားဖွားတက်ကြွလာအောင် ဟောပြောလှုံ့ဆော်ခဲ့ကြသည်။

ယနေ့ဆိုလျှင် အမျိုးသားနေ့ ပေါ်ထွန်းလာသည်မှာ ၈၈ နှစ်တိုင်ခဲ့ပေပြီ။ လွတ်လပ်ရေး ပြန်လည်ကြိုးပမ်းယူသည့် အမျိုးသားရေးလှုပ်ရှားမှု မှတ်တိုင်များကို ပြန်ပြောင်းကြည့်လျှင် ၁၈၂၄ (ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ)မှသည် ၁၈၅၂ ဒုတိယစစ်ပွဲ၊ ၁၈၈၅ တတိယစစ်ပွဲကာလများတွင် တောင်ပေါ်မြေပြန့် တိုင်းရင်းသားစုံ မျိုးချစ်များက ရရာလက်နက် စွဲကိုင်ပြီး နယ်ချဲ့ကျူးကျော်ရေးတပ်များကို သူ့ကျွန်မခံခုခံတွန်းလှန်သော စစ်ပွဲများဆင်နွှဲခဲ့ရာ ၁၉၀၀ ပြည့်လွန်နှစ်များအထိ မြန်မာ့ခေါင်းပေါ်မှ နယ်ချဲ့သွေးများကို သွေးဆေးကန်၌ ဆေးကြောနေခဲ့ရဆဲဖြစ်သည်။ ယင်းသူ့ကျွန်မခံ ခုခံတွန်းလှန်သော တိုက်ပွဲများတွင် တိုင်းရင်းသားမျိုးချစ်များသည်နိုင်ငံချစ်စိတ်၊ နိုင်ငံကာကွယ်လိုစိတ်၊ နယ်ချဲ့ဆန့်ကျင်စိတ်၊ အမျိုးသားရေး ဇာတိမာန်တို့ကို အခြေခံကြသည်။ မည်သည့် နိုင်ငံရေးဝါဒမျှ မစွဲကပ်ခဲ့ကြ။ အမျိုးသားနိုင်ငံရေး စစ်စစ်ဖြင့် တိုက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် ဖွဲ့စည်းသော ဝိုင်အမ်ဘီအေ၊ ၁၉၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းသော ဂျီစီဘီအေ၊ ၁၉၃၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သော တို့ဗမာအစည်းအရုံး၊ ၎င်းနောက်ရဲဘော်သုံးကျိပ်၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်(BIA)၊ မြန်မာ့ကာကွယ်ရေးတပ်မတော်(BDA)နှင့် ဖတပလ၊ ဖဆပလ (ဖွဲ့စည်းစကာလအထိ)တို့သည် အမျိုးသားလွတ်လပ်ရေးအတွက် အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ဆောင်ရွက်ခဲ့ကြသည်။

မြန်မာတို့၏ အမျိုးသားကောင်းစားရေး၊ အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလွတ်မြောက်ရေးတို့ကို အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်၌ စည်းလုံးညီညွတ်စွာ လျှောက်လှမ်းခဲ့ကြသည်။ လွတ်လပ်ရေးရလုဆဲဆဲကာလနှင့် လွတ်လပ်ရေးရပြီးစကာလများ၌ နိုင်ငံရေးအယူဝါဒများ ဝင်ရောက်စွဲကပ်လာကြပြီး ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ လူစွဲ၊ မူစွဲ၊ အာဏာစွဲ၊ အာယာတစွဲ၊ သံသယစွဲစသည့် အစွဲပယောဂမျိုးစုံဖြင့် မြန်မာ့လွတ်လပ်ရေးလမ်းကြောင်း၊ မြန်မာ့တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို ပြောင်းပြန်လျှောက်လာကြသည်။ အချင်းချင်း လက်နက်ကိုင်တိုက်လာကြသည်။ ယင်းတိုက်ပွဲများအကြား၌ လွတ်လပ်လာပြီးနောက် လွတ်လပ်ရေးအရသာခံနိုင်ရန် မျှော်လင့်နေသော ပြည်သူများမှာ မြေဇာပင် ဖြစ်ခဲ့ရသည်။ အမျိုးသား(တိုင်းရင်းသား) စည်းလုံးညီညွတ်ရေး ပြိုကွဲသွားကာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို သွေဖည်လာကြသည်။

**ဤနိုင်ငံသည် ရေ၊ မြေသြဇာနှင့် ဥတုရာသီကောင်းသည်။ စိုက်မြေပျိုးမြေ ကြွယ်ဝသည်။ မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက် သဘာဝသယံဇာတ၊ နိုင်ငံပိုင် မနုဉ္စရတနာများ ပေါများသည်။ ညီညွတ်လက်ယှက် ဆောင်ရွက်ကြလျှင် ပြည်သူတို့ ငြိမ်းချမ်းလုံခြုံစွာ နေနိုင်မည်။ နိုင်ငံစီးပွား ကြီးထွားအသရေတင့်ပြီး ရေမြင့်လာမည်။ ရေမြင့်လျှင် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းတည်းဟူသော ကြာပန်းများသည်လည်း လန်းစွင့်မြင့်တက်လာနိုင်မည်။ ထို့ကြောင့် ယနေ့မြန်မာတို့ လိုအပ်နေသော၊ ဆန္ဒရှိနေသော၊ သမိုင်းကတောင်းဆိုနေသောဝါဒမှာ အမျိုးသားနိုင်ငံရေးဝါဒပင်ဖြစ်သည်။**

အမျိုးသား နိုင်ငံရေးဟူသည် မိမိ၊ မိမိလူသိုက်၊ မိမိပါတီ အာဏာရရေး၊ မိမိတို့ယုံကြည်ထားသော နိုင်ငံခြားဖြစ် ဝါဒများ အကောင်အထည်ဖော်ရေးတို့ကို ရှေးရှုသောပါတီနိုင်ငံရေးနှင့်လားလားမျှ မတူ ကွဲပြားခြားနားလှပေသည်။ အမျိုးသားအကျိုးစီးပွားကို လိပ်ပြာသန့်သန့်၊ စိတ်စေတနာသန့်သန့်ဖြင့် အစွဲကင်းစွာ ဖွဲ့တင်းပြီး အမြဲလင်းမည့် ပန်းတိုင်သို့ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးပင်ဖြစ်သည်။

**ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခင်အစိုးရများ ကြိုးစားအားထုတ်ကြသော်လည်း မအောင်မြင်၊ မရယူနိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ပြီဖြစ်သည်။ ပိတ်ဆို့နှောင့်ယှက်နေကြသည့်ကြားမှ ပြည်ထောင်စုတစ်လွှား၊ နယ်စွန်နယ်ဖျား၊ ကျေးလက်မကျန် ဘက်ပေါင်းစုံ၌ တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်သည်။ အနာဂတ် မြန်မာ့ စီးပွားရေးပန်းတိုင် အရောက်လှမ်းနိုင်မည့် အခြေခံအဆောက်အအုံများ ဖြစ်သော လမ်း၊ တံတား၊ ဆည်မြောင်းတာတမံ၊ ကျောင်း၊ ဆေးရုံ၊ စက်ရုံ၊ စက်မှုလယ်ယာလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ဖြင့် ဝေဆာစည်ပင်နေပြီဖြစ်သည်။**

ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်နေရမည့် အချုပ်အခြာအာဏာကို စည်းကမ်းဥပဒေနှင့်အညီ ပြည်သူတို့ ရွေးချယ်တာဝန်ပေးသော ပြည်သူ့ကိုယ်စားလှယ်များက ကျင့်သုံးကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင် အရောက်လှမ်းတက်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကိုလည်း ပြည်သူတို့က ထောက်ခံအတည်ပြုပေးထားပေပြီ။

သို့ဖြစ်၍ -

အမျိုးသားရေးအကျိုးစီးပွားအတွက် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များသို့ ညီညာဖြဖြ လက်တွဲလျှောက်လှမ်းကြရန် မြန်မာအမျိုးသားအားလုံး (တစ်မျိုးသားလုံး) အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံမည့် ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် တက်တက်ကြွကြွ စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြပါစို့ဟု အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ဤနိုင်ငံသည် ရေ၊ မြေသြဇာနှင့် ဥတုရာသီကောင်းသည်။ စိုက်မြေပျိုးမြေ ကြွယ်ဝသည်။ မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက် သဘာဝသယံဇာတ၊ နိုင်ငံပိုင် မနုဉ္စရတနာများ ပေါများသည်။ ညီညွတ်လက်ယှက်ဆောင်ရွက်ကြလျှင် ပြည်သူတို့ ငြိမ်းချမ်းလုံခြုံစွာ နေနိုင်မည်။ နိုင်ငံစီးပွား ကြီးထွား အသရေတင့်ပြီး ရေမြင့်လာမည်။ ရေမြင့်လျှင် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းတည်းဟူသော ကြာပန်းများသည်လည်း လန်းစွင့်မြင့်တက်လာနိုင်မည်။ ထို့ကြောင့် ယနေ့ မြန်မာတို့လိုအပ်နေသော၊ ဆန္ဒရှိနေသော၊ သမိုင်းက တောင်းဆိုနေသော ဝါဒမှာ အမျိုးသားနိုင်ငံရေးဝါဒပင်ဖြစ်သည်။**

ယခင်ဖောင်ပယ်ဖျက်/ ယခုဖောင်သုံးရန် ၂း၁၀

❐ ကျောဖုံးမှ

မကြာမီ တည်ဆောက်ပြီးစီးတော့မည့် လင်ပန်း ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။

လင်ပန်းဆည်၏ ရေဆင်းဧရိယာမှာ ၁၆ စတုရန်းမိုင်ရှိပြီး အဓိက ရေဆင်းမှာ လင်ပန်းချောင်းဖြစ်သည်။ တမံအမြင့် ပေ ၄၀၊ တမံအလျားပေ ၉၈၀၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၀၁၈၀ ဖြစ်သည်။ ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၁၈၅၀ နှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၁၀၅၆ ဧကဖြစ်သည်။

ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်ဖြစ်ပြီး အချင်းလေးပေနှင့် အလျားပေ ၁၈၀ ရှိသည်။ ရေပိုလွှဲမှာ သံကူကွန်ကရစ်ဖြစ်ပြီး အကျယ်ပေ ၄၀ ဖြစ်သည်။

ဆည်ရေသောက်စနစ်အနေဖြင့် အလျားသုံးမိုင်ရှိ တူးမြောင်းမကြီးနှင့် လက်တံမြောင်းများအရှည်မှာ ၄ဒသမ ၅ မိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံ ၅၂ခုပါရှိပြီး ဆည်ရေပေးဝေနိုင်မည့်ဧက ၂၀၀၀ ဖြစ်သည်။

ရှင်းလင်းခန်းမဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ(မြို့ပြ)ဦးဝင်းထိုက်က "လင်ပန်းချောင်းဝဲဘက်ရှိ စပါးအပါအဝင် အခြားသီးနှံစိုက်ဧက ၂၀၀၀ ကို ရေပေးဝေနိုင်ရန်နှင့် ကင်းတပ်လက်ဝဲ



ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ (မြို့ပြ) ဦးဝင်းထိုက် ရှင်းပြစဉ်။

တူးမြောင်း၊ ရေဘေးကာကွယ်ရန်အတွက် မြေသားတမံတစ်ခု တည်ဆောက်ရန် လင်ပန်းရေလှောင်တမံကို တည်ဆောက်ခြင်းဖြစ်ကြောင်း" ဦးစွာ ရှင်းပြသည်။

ဆက်လက်၍ "အကြိုလုပ်ငန်းကို ၂၇-၁၁-၂၀၀၇ တွင် စတင်ခဲ့ပြီး တမံမြေဖို့ခြင်းကို ၁-၁-၂၀၀၈ တွင် စတင်ခဲ့ကြောင်း၊ ယခုအခါ တမံလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်မှု လုပ်ငန်းများ ပြီးစီးပြီဖြစ်ပြီး တူးမြောင်းစနစ်၏ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၄) လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့ကြောင်း။

တမံ မြေဖို့ခြင်းလုပ်ငန်းတွင် အခြားဆည်များ၌ တမံမြေသားကို ပုံမှန်အားဖြင့် တမံမှ ပေ ၃၀၀၀ မှ ၅၀၀၀ ကြားတွင် ရရှိသော်လည်း ယခုတမံအတွက် စံချိန်မီ မြေသားကို တမံနှင့် နှစ်တိုင်အကွာမှ ရယူရကြောင်း၊ သပ်ကျင်းကိုလည်း အောက်ခံကျောက်သားပြင်ရောက်သည်အထိ ပေ ၃၀ အနက် တူးဖော်ရကြောင်း၊ တမံတည်ဆောက်ရေးနှင့် တစ်ပြိုင်တည်းပင် ဒေသလမ်းပန်းသွားလာမှု ကောင်းမွန်ရေးအတွက် တမံနှင့် ကန့်ဘလူမြို့ သွားလမ်း သုံးမိုင်ခန့်ကို မြေသား(ဂျင်း) လမ်းခင်းပေးခဲ့ကြောင်း၊ လိုအပ်သည့်နေရာများတွင် ရေငုပ်ပြွန်၊ ရေကျော်နှင့် တံတားငယ်များကိုပါ တည်ဆောက်ပေးခဲ့ကြောင်း"ဖြင့် ပြောကြားသည်။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၌ အလတ်စားနှင့် အသေးစားဆည်များဖြစ်သည့် ပေကြီးဆည်နှင့် ကျေးပင်အက်ဆည်များရှိပြီးဖြစ်သည်။ ယခု တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်တော့မည့် လင်ပန်းရေလှောင်တမံမှ ပေါ်ထွက်လာမည့် စိုက်ဧကများ၏ သီးနှံထုတ်လုပ်မှုစွမ်းအားများကိုလည်း ဒေသနေပြည်သူများ မဝေးတော့သောကာလတွင် လက်ဝယ်ပိုင်ပိုင် ရရှိကြတော့မည်ဖြစ်သည်။

ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် လင်ပန်းရေလှောင်တမံ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



❁ ပျားရည်မှ

အုတ်ကလန်မြို့ရှိ အုတ်ကလန်တက္ကသိုလ် ဆေးဘက်ဆိုင်ရာ သုတေသနဌာနမှ သုတေသီဒေါက်တာ အင်ဒရူးဂျူးလ်က ပြောကြားသည်။

ရှေးအခါကာလမှ စတင်ကာ အနာရောဂါများအားကုသရာတွင် ပျားရည်ကို အသုံးပြုလာခဲ့ကြကြောင်း၊ ပျားရည်သည် ဘက်တီးရီးယားပိုးမွှားများကို သေစေနိုင်သော အစွမ်းသတ္တိရှိသည့်အပြင် သေဆုံးသွားသော တစ်ရှူးများ၏ နေရာတွင် တစ်ရှူးသစ်ဖြင့် အစားထိုးနိုင်ရန် အထောက်အကူပေးကြောင်း အင်ဒရူးက ပြောကြားသည်။

အပူလောင်ဒဏ်ရာများ ကုသရာတွင် အသုံးပြုသော ဆေးရည်များထက် ပျားရည်ပါ အာနိသင်များ၏ ထိရောက်မှုက ပိုမိုသာလွန်ကြောင်း၊ ပျားရည်ကို ဆေးဝါးအဖြစ် အသုံးပြုနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင့်ကြောင်း ၎င်းက ပြောကြားသည်။

ပျားရည်၏ ဆေးဖက်ဝင်အာနိသင်များကို အမေရိကန်နိုင်ငံတွင်လည်း လေ့လာလျက်ရှိသည်။ ကလေးများတွင်ဖြစ်ပွားတတ်သည့် ချောင်းဆိုးရောဂါကို ပျားရည်အသုံးပြု၍ ကုသပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ၌ မကြာသေးမီက ထုတ်ပြန်ခဲ့သော သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

ချောင်းဆိုးပျောက်ဆေးများတွင်ပါရှိသော ကိုဒင်း(Codeine)နှင့် ဒက်ထရိုမီသော်ဖန် (Dextromethorphan) ဓာတုပစ္စည်းတို့သည် အလွန်ငယ်ရွယ်သူကလေးများအတွက် အကျိုးသက်ရောက်မှု မရှိနိုင်ကြောင်း၊ ပျားရည်၏ ဂုဏ်သတ္တိများအရ ကလေးငယ်များ ခံစားရနိုင်သော ချောင်းဆိုးရောဂါကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တက္ကသိုလ်အောက်ရှိ ကလေးဆေးရုံမှ သုတေသီ အီရန်ပေါလ်က ပြောကြားသည်။

***အင်တာနက်။***

## စီးပွားရေးဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ Resource Person: Dr.Tin Latt (B.Com,CPA,FCCA, ACMA.MBA,DBA(UK) မှ စီးပွားရေးဆိုင်ရာသင်တန်း "Internal Auditing & Risk Management" သင်တန်းကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI Office Tower) ရှိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ၊ စီးပွားရေးနှင့်ပတ်သက်သော အဖွဲ့အစည်းများမှ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖုန်း-၂၁၄၈၄၆၊ ၂၁၄၈၃၀၊ ၂၁၄၈၃၂ သို့လည်းကောင်း၊ ဖက်(စ်)-၂၁၄၈၃၂၊ ၂၁၄၈၄၆ တို့သို့လည်းကောင်း၊ E-Mail:admin-central @ mafpea.org.mm နှင့် mia @Myanmar.com.mm တို့သို့လည်းကောင်း ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(ကုန်သည်/စက်မှု)

## ချောက်မြို့ စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ချောက်မြို့ စက်မှုလက်မှု သိပ္ပံကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၉ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ညနေ ၅ နာရီတွင်လည်းကောင်း ချောက်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးကျော်ကျော် ဖုန်း-၀၆၁-၂၂၀၂၀၊ ဦးညွန့်ဝေ ဖုန်း-၀၆၁-၂၁၇၆၂၊ ဦးတင်သောင်း ဖုန်း-၀၆၁-၂၁၇၀၁၊ ဦးထင်အောင် ဖုန်း-၀၆၁-၂၁၀၆၉၊ ဦးကျော်ရွှင် ဖုန်း-၀၉-၅၀၀၂၉၃၃၊ ဦးထွန်းလင်းဇော် ဖုန်း-၀၅၁-၈၅၁၅၆၊ ဦးကြည်ဝင်း ဖုန်း-၀၁-၆၈၁၈၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အမျိုးသားနေ့ ဂုဏ်ပြုသတင်းဆောင်းပါးပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

'ပေါင်းစည်းညီညွတ်ခြင်းများ စစ်မှန်သော မျိုးချစ်တရား နိုင်ငံတည်ဆောက်ရေး မဟာအင်အား' အမျိုးသားနေ့ ဂုဏ်ပြုသတင်းဆောင်းပါးတွင် ကိုလိုနီလက်အောက် ကျရောက်ခဲ့သော နိုင်ငံများအားလုံး မျိုးချစ်စိတ်အရင်းခံဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများအဆင့် တက်လှမ်းနိုင်ခဲ့ကြသည့်အပေါ် သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၄၅) ထွက်ရှိလာသည်။

ယင်းအပြင် ရတနာပုံဆိုက်ဘာစီးတီးတွင် တရုတ်ကုမ္ပဏီ ၁၀ ခုက လာရောက်ရင်းနှီးမြှုပ်နှံမည်၊ ဂျီအက်စ်အမ်ငွေးရမ်းမှုစနစ်ကို Pre Paid ကတ်စနစ်ဖြင့် မကြာမီရောင်းချရန် စီစဉ်လျက်ရှိ၊ မြန်မာပဲ အိန္ဒိယတင်ပို့ရာတွင် ဈေးနှုန်းပြဿနာများ ညှိနှိုင်းဖြေရှင်းကာ ယခုလအတွင်း ပဲတန်ချိန်နှစ်သိန်း တင်ပို့ရန်စီစဉ်၊ ကြက်နှင့် ကြက်ထွက်ပစ္စည်း ပြည်ပတင်ပို့ရန် စနစ်တကျမွေးမြူထုတ်လုပ်မှုများလိုအပ်၊ ကျေးလက်ဒေသများတွင် စီဒီအမ်အေ ၄၅၀ အမြောက်အမြား တပ်ဆင်အသုံးပြုရန် စီစဉ်ထား၊ မြစ်ဝကျွန်းပေါ်နှင့် မြစ်ကျိုးအင်းများတွင် အာဆင်းနစ်အန္တရာယ်ဖြစ်ပွားမှုများပြား စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

သမ္မတဘုရှ်က အိုဘားမားကို အိမ်ဖြူတော်မှကြိုဆို၍ အိုဘားမားနေရမည့်အိမ်သစ်အား လှည့်လည်ပြသ၊ အီဂျစ်နိုင်ငံက ဘင်လာဒင်၏သားတောင်းခံသည့် ပြည်ဝင်ခွင့်ငြင်းဆို၊ ဘီဘီစီရေဒီယိုအစီအစဉ် တင်ဆက်သူ ဘရစ္စတို အငှားယာဉ်ကုမ္ပဏီသို့ လူမျိုးရေးဝါဒကျင့်သုံးကာ ဖုန်းခေါ်ဆိုမှုကြောင့် အလုပ်ထုတ်ခံရ၊ ကမ္ဘာ့ထိပ်ဆုံးလူသတ်သမားသုံးခုမှာ နှလုံးရောဂါ၊ ကူးစက်လွယ်ရောဂါနှင့် ကင်ဆာရောဂါတို့ဖြစ်၊ တစ်နာရီမိုင် ၃၀၀ မောင်းနှင်နိုင်သည့် ဒုံးကျည်တပ်မော်တော်ကားတီထွင်၊ "ပရီမီးယားလိဂ်ဘောလုံးသမားများ၏ အချစ်တော်ကိုယ်ဟန်ပြမယ် ဓားထိုးခံရပြီး သေဆုံး" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍ စုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့
အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင်
နွားနို့၊ဆိတ်နို့ အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး
အသင့်မြတ်ဆုံး ကျန်းမာရေး။

## သန်လျင် အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင် မက်သဒစ်အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ စစ်ကြိုခေတ်မှ ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်) တက်ရောက်ကြရန်နှင့် စစ်ကြိုခေတ်မှ ၂၀၀၇ ခုနှစ်အထိ အထက(၂) သန်လျင်တွင် သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် အလှူငွေများကို ဦးဌေးဝင်း (နီလာမင်းရွှေဆိုင်၊ မြို့မဈေး၊ သန်လျင်) ဖုန်း-၀၉-၅၀၁၅၀၂၁၊ ဦးခင်မောင်ပြုံး (ပြုံးပြုံးလေးစတိုး၊ မြို့မဈေး၊ သန်လျင်) ဖုန်း-၀၅၆-၂၂၄၇၅၊ ဦးအောင်ထင် ဖုန်း-၀၅၆-၂၁၂၉၆၊ ဦးကြည်ဝင်း (သန်လျင်ဆေးရုံရှေ့စားသောက်ဆိုင်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၇)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းနှင့် ကွင်းကျောင်းလမ်းထောင့်ရှိ Asia World Port Terminal ၌ ပြည်ပမှ ဝယ်ယူရောက်ရှိလာသည့် ပေနက်တွင်းတူးစက်နှင့် ဆက်စပ်ပစ္စည်းများအား သင်္ဘောပေါ်မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် မုတ္တမ(၂) ရေယာဉ်ပေါ်သို့ တိုက်ရိုက်ချယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

# ပေနက်တွင်းတူးစက်များ သယ်ယူရွှေ့ပြောင်းနေမှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အမှတ်(၂) ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိပြီး ပြည်ပမှ ဝယ်ယူရောက်ရှိလာသော ပေနက်တွင်းတူးစက်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သင်္ဘောပေါ်မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် မုတ္တမ(၃)နှင့် မုတ္တမ(၄) ရေယာဉ်များပေါ်သို့ တိုက်ရိုက်ချယူနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

## ပြည်ပမှရောက်ရှိ

ဝန်ကြီးသည် နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းနှင့် ကွင်းကျောင်းလမ်းထောင့်ရှိ Asia World Port Terminal ၌ ပြည်ပမှ ဝယ်ယူရောက်ရှိလာသည့် ပေနက်တွင်းတူးစက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သင်္ဘောပေါ်မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် မုတ္တမ(၂)ရေယာဉ်ပေါ်သို့ လည်းကောင်း၊ ဆိပ်ကမ်းပေါ်ရှိ စက်ပစ္စည်းသယ်ပို့ယာဉ်များပေါ်သို့ လည်းကောင်း တိုက်ရိုက်ချယူနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## မှာကြား

ဝန်ကြီးသည် အဆိုပါပေနက်တွင်းတူးစက်များကို တူးဖော်မည့်ဒေသသို့အရောက်သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံချောမွေ့စွာ အချိန်မီရောက်ရှိသွားရေးအတွက် ဂရုစိုက်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

## စက်လေးလုံးဝယ်ယူခဲ့

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက်ပေအနက်ပိုင်း သဲကြောများ၌ ခိုအောင်းနေသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တိုးတက်ရှာဖွေ တူးဖော်ထုတ်လုပ်သွားနိုင်ရန် ပြည်ပမှ ပေအနက် ၁၅၀၀၀မှ ၂၀၀၀၀ကျော်အထိ တူးဖော်နိုင်သော ပေနက်တွင်းတူးစက် လေးလုံး ဝယ်ယူထားခဲ့ရာ ယခုအခါ ပေနက်တွင်းတူးစက်သုံးလုံးရောက်ရှိနေပြီဖြစ်ပြီး ကျန်တစ်လုံးမှာ ယခုနှစ် ဒီဇင်ဘာလအတွင်း ဆက်လက်ရောက်ရှိလာမည်ဖြစ်ကာဆိုက်စမ်တိုင်းတာပြီးသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာကောင်းများရှိသော ဒေသများ၌ ပေနက်တွင်းများ ဆက်တိုက်တူးဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (၈/၂၀၀၈) အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ (၈/၂၀၀၈)အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထူးလုပ်ငန်းအဖွဲ့(၇)ဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက ပြည်နယ်နှင့်တိုင်းတို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ၂၀၀၈ခုနှစ် အောက်တိုဘာ ၈ရက်၌ ကျင်းပသော ASEAN Environmentally Sustainable City Award ချီးမြှင့်ခြင်း အခမ်းအနားတွင် တောင်ကြီးမြို့မှ Environmentally Sustainable City အဖြစ် ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထူးလုပ်ငန်းအဖွဲ့(၇)ဖွဲ့မှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ် ဆွေးနွေးကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ (၈/၂၀၀၈) အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

(သစ်တော)





# မြောက်ဥက္ကလာပ အလက(၇) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

မြောက်ဥက္ကလာပမြို့နယ် အလက(၇)ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အလက(၇) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ၁၉၆၅မှ ၁၉၈၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအားလုံးနှင့် ၁၉၈၆ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ အငြိမ်းစားယူပြီးသော ဆရာ၊ဆရာမများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကိုမင်းဇော် ဖုန်း-၆၉၅၅၁၂၊ ၀၉-၅၁၁၉၉၅၄၊ ကိုနေထွန်း ဖုန်း-၆၉၉၁၀၉၊ ကိုလင်းလင်း ဖုန်း-၅၈၀၉၆၁၊ ၀၉-၅၀၁၄၈၁၃၊ ကိုအောင်ငြိမ်း ဖုန်း-၀၉-၅၀၁၇၉၀၉၊ မမိုးမိုး ဖုန်း-၆၉၉၂၆၆နှင့် မစိုးစိုး ဖုန်း-၇၂၄၃၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၀၈ (ကြာသပတေးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အရှင်ဇာကုလ" တရားတော် (သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ) |
| ၈း၀၅ - ၂း၀၅ | နိဗ္ဗာန်ဆီသို့…အမေးအဖြေများ |
| ၈း၃၀ - ၂း၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀ - ၂း၅၀ | ကလေးများနဲ့ကျန်းမာရေး |
| ၈း၅၅ - ၂း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ - ၃း၀၀ | များလူဝေနေကုသိုလ်ယူပန်းတဉ်းတန်းရဲ့ရွှေစင်အလှူ |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ - ၃း၃၀ | လှပဆင်ယင်လတ်လတ်ရဲ့သတို့သမီးဖက်ရှင် |
| ၁၀း၀၀ - ၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | Activities in The City (မေသူ၏တေးစီးရီးသစ်မိတ်ဆက်ပွဲ) |
| ၁၀း၁၅ - ၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | "ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း" ထောက်ကြန့်ကလေးပြုစုရေးဌာန |
| ၁၁း၀၅ - ၅း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | ကမာနတ်-မြောင်းတကာ 230KV မဟာဓာတ်အားလိုင်းသွယ်တန်းခြင်း |
| ၁၁း၂၅ - ၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ - ၅း၃၀ | သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေရစေရာဆေးဖက်ဝင်သစ်ခွစိုက်ပါ) |
| ၁၁း၄၀ - ၅း၄၀ | မြို့ပြအတွင်းနေထိုင်မှုဟန် |
| ၁၁း၅၅ - ၅း၅၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "မဟော်သဓာ" |
| ၁၂း၂၅ - ၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ - ၆း၃၀ | ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။




# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၉

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရန်ကုန် အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးအောင်သိန်း ဦးဆောင်သော ရှောင်တခင်စစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာ ၁၇ရက်က ရန်ကုန်-ပဲခူး အမှတ်(၂) လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသောယာဉ်များ ကြံ့ခိုင်မှုရှိ/မရှိ၊ သတ်မှတ်လိုင်စင် ကိုင်ဆောင်မောင်းနှင်ခြင်း ရှိ/မရှိ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်း ရှိ/မရှိတို့အား ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(ကြေးမုံ)

# (၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၂-၁၁-၂၀၀၈)

## (၈၈) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)

☆တရုတ်မှ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ညနေ ၃နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## အမှတ်(၂)စက်မှုဝန်ကြီးဌာန Technical Seminar ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် အပတ်စဉ်ကျင်းပလျက်ရှိသော Technical Seminar ကို နိုဝင်ဘာ ၁၈ရက် နံနက် ၁၀နာရီတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။**

ယင်း Seminar တွင် ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က Time Management (24 Techniques to Make Minutes Count at Work) စာတမ်းကိုလည်းကောင်း၊ ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်စိုးက The Five Temptations of a CEO စာတမ်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြ၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။**

(အမျိုးသမီးရေးရာ)

### အင်တာနက် မှုခင်းဆေးပညာသတင်း

## ဆဲလ်ဖုန်းပေါ်ရှိ ဒီအင်န်အေ သင်္ကေတများ စုံထောက်များအတွက် အထောက်အကူဖြစ်နိုင်

**ဟာမီလ်တန် နိုဝင်ဘာ ၁၉**

ရာဇဝတ်မှုခင်းများ၌ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ရာတွင် ဆဲလ်ဖုန်းများကို အထောက်အထားတစ်ရပ်အဖြစ် အသုံးချနိုင်ကြောင်း အမေရိကန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် လေ့လာချက်တစ်ရပ်အရ သိရသည်။

ဆဲလ်ဖုန်းများတွင် ဖုန်းပိုင်ရှင်၏ ပုဂ္ဂလိကမှတ်တမ်းများ ပါရှိကြောင်း၊ အမည်များနှင့် ဖုန်းနံပါတ်များကို ပရိုဂရမ် သွင်းထားနိုင်ကြောင်း၊ ၎င်းအပြင် ဆဲလ်ဖုန်း ကိုယ်ထည်ပေါ်တွင် ဒီအင်န်အေ အထောက်အထားများ စွဲထင်နေခြင်းကြောင့် မှုခင်းများအတွက် သဲလွန်စများ ဖော်ထုတ်ရာတွင် စုံထောက်များအား အထောက်အကူပေးကြောင်း အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဟာမီလ်တန်မြို့ရှိ မက်မာစတာတက္ကသိုလ်မှ မော်လီကျူးဆိုင်ရာဇီဝဗေဒပညာရှင် မာဂင်၏ လေ့လာချက်၌ ဖော်ပြထားသည်။

ဒီအင်န်အေသည် လူတစ်ဦးချင်းစီ၏ လက်ဗွေရာကဲ့သို့ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားသည်။ ယနေ့ကာလတွင် ဒီအင်န်အေ စမ်းသပ်ချက်အရ ပြစ်မှုဆိုင်ရာ သဲလွန်စများကို ရှာဖွေဖော်ထုတ်ပေးနိုင်သည်။ မျိုးဗီဇ နည်းပညာအရ ဒီအင်န်အေသည် ကိုယ်ခန္ဓာဆဲလ်တွင် ပါဝင်သော ပစ္စည်းတစ်မျိုးဖြစ်ပြီး မျိုးဗီဇလက္ခဏာများ ပါရှိသည်။

ရာဇဝတ်မှုခင်း ပေါ်ပေါက်ရာနေရာတွင် တွေ့ရသော သွေးစက်များ၊ တံတွေးသို့မဟုတ် ဆံပင်တို့၏ ဒီအင်န်အေ နမူနာများကို ရယူကာ ဆန်းစစ်လေ့လာခြင်းဖြင့် သဲလွန်စအထောက်အထားများ ရရှိနိုင်သကဲ့သို့ ဆဲလ်ဖုန်းပေါ်ရှိ ဒီအင်န်အေ လက္ခဏာများမှာလည်း ခိုင်မာသည့်အထောက်အထားဖြစ်ကြောင်း မာဂင်က ပြောကြားသည်။

ဆဲလ်ဖုန်းပေါ်တွင် ဆဲလ်ဖုန်းအသုံးပြုသူ၏ ဒီအင်န်အေသင်္ကေတများရှိနေပြီး ယင်းသင်္ကေတများကို အလွယ်တကူ ဖျက်ဆီးနိုင်ခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။

မာဂင်နှင့် သုတေသီများသည် ဆဲလ်ဖုန်းများပေါ်ရှိ ဒီအင်န်အေ သင်္ကေတများကို လေ့လာခဲ့ကြသည်။ အယ်လ်ကိုဟောဖြင့် ဖော်စပ်ထားသော ဖျော်ရည်တစ်မျိုးကို ဆေးရုံသုံး ဂွမ်းစတွင် ဆွတ်ကာ ဆဲလ်ဖုန်း ကိုယ်ထည်ပေါ်တွင် အထပ်ထပ် ပွတ်တိုက်ကာ ဖျက်သည့်တိုင်အောင် ဒီအင်န်အေ သင်္ကေတများမှာ ပျက်စီးသွားခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဘာသာပြန်-တက်လူ

**ဆဲလ်ဖုန်းပေါ်ရှိ ဒီအင်န်အေ သင်္ကေတများကို ဖော်ထုတ်ကာ သဲလွန်စများ ရှာဖွေနိုင်သည်။**

*(ဓာတ်ပုံ- အင်တာနက်)*







## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ရက်တွင် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခဒေါ်ဌေးဌေး၊ ဒေါ်သွဲ့သွဲ့ဝင်း၊ ဒေါ်ပိုပိုကြည်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများ၊ အထက(၃)ပဲခူးမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသူ ၅၃၀ တို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ဌေးဌေးက "ဆယ်ကျော်သက် အမျိုးသမီးများအကြောင်း သိကောင်းစရာများ"၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒုတိယရဲမှူး အမ်ခေါင်ဒင်က "မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆောင်ရွက်ချက်"၊ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ ဒေါ်ရီရီအုန်းသန်းက "အမျိုးသမီးများ သိကောင်းစရာယဉ်ကျေးမှုဆိုင်ရာ"၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က "အမျိုးသမီးငယ်ရွယ်များ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများအကြောင်း သိကောင်းစရာ" ခေါင်းစဉ်တို့ဖြင့် ပညာပေးဟောပြောကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က ငွေကျပ် ၅၅၈၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၂၀၊ ဘောပင် ဒါဇင် ၂၀နှင့် လူမှောင်ခိုနှင့် လူကုန်ကူး အသိပညာပေးစာစောင်များ၊ နံရံကပ်ပိုစတာများကို ကျောင်းအုပ်ဆရာမကြီးဒေါ်တင်နွယ်ဦးအား ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ အစီအစဉ်များအပြီးတွင် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အမျိုးသားနေ့အထိမ်းအမှတ် အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဂွမြို့ အထက ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် ဂွမြို့အခြေခံပညာ အထက်တန်းကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ် ပွဲတော်နှင့် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်(စနေနေ့)တွင် အထကရှေ့မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဆရာ၊ ဆရာမဟောင်းများ စုံညီစွာတက်ရောက်ကြပါရန်နှင့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျောင်းအဝင်လမ်းများကို ကွန်ကရစ်လမ်းမအဖြစ် အဆင့်မြှင့်မွမ်းမံနေပြီဖြစ်ရာ တတ်အားသရွေ့ အလှူငွေထည့်ဝင်ကြပါရန်နှင့် ဆရာကြီး ဦးစိုးအေး လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) အခြေခံပညာ၊ ဖုန်း-၀၉၅၀၆၈၉၂၃၊ ဦးကျော်ကျော်စိုး၊ "စွယ်စုံ" နိုင်ငံခြားဘာသာသင်တန်း၊ဖုန်း-၀၉၅၁၇၅၇၃၆၊ ဆရာကြီးဦးတင်မြင့် မြို့နယ်ပညာရေးမှူး-ဂွမြို့၊ ဆရာကြီးဦးမြင့်တင် ကျောင်းအုပ်ဆရာကြီး၊ အထက-ဂွမြို့၊ ဆရာဦးခင်မောင်ထွေး(ငြိမ်း) နဝရတ်ဘော်ဒါ-ဂွမြို့၊ ဆရာကြီး ဦးဝင်းမောင် ခရိုင်ပညာရေးမှူး သံတွဲမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

(၅၄၁)

# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများက ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို မှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

# ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmar တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သားသင်တန်း Training for Community Animal Health Workers အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ လေ့ကျင့်ပညာပေးရေးဌာနစိတ် သင်တန်းခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့် **(အောက်ပုံ)**နှင့် CARE Myanmar အဖွဲ့မှ Assistant Country Director Mr. Daire O'Rilleyတို့ကအမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmarမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများမှ သင်တန်းသား ၃၀တက်ရောက်ကြပြီး ယင်းဒေသများရှိ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






# ပခုက္ကူမြို့ နှစ် (၁၀၀)ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပခုက္ကူမြို့၏ မြို့တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့်အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်တွင် ပခုက္ကူမြို့၌ ကျင်းပရာ ပခုက္ကူမြို့တည် သမိုင်းကျောက်စာကမ္ပည်းကို အမျိုးသားစာပေဆုရ စာရေးဆရာကောင်းသန့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် စာတမ်းများဖတ်ကြားခြင်း၊ ရတုပိုဒ်စုံများ ရွတ်ဖတ်ခြင်းနှင့် ပခုက္ကူမြို့ ရာပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲ၊ကဗျာပြိုင်ပွဲ၊ဆောင်းပါးပြိုင်ပွဲ၊ အင်္ဂလိပ်စာလုံးဆက်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာလယ်တွင်းသားစောချစ်၊ ချစ်ဦးညိုနှင့် ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာထူးသာတို့က ဟောပြောကြပြီး အဆိုတော်ကိုတင်လှိုင်၊ ဂီတာဖေဝင်း၊ မစံပယ်၊ ယဉ်ဝေယံထွန်း၊ ခင်မျိုးအေး၊ ရုပ်ရှင်သရုပ်ဆောင်ထူးသာနှင့် ဧည့်သည် စာရေးဆရာများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မီးသတ်ဦးစီးဌာန အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂၃/၂၀၀၈) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂၃/၂၀၀၈) ဖွင့်ပွဲကို နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ဌာနခွဲမှူး၊ သင်တန်းမှူးနှင့် သင်တန်း နည်းပြများ၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ မီးသတ်ဦးစီးဌာန (နေပြည်တော်)နှင့် ပြည်နယ်၊ တိုင်းများမှသင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂၃/၂၀၀၈)ကို နိုဝင်ဘာ ၁၇ရက်မှ ဒီဇင်ဘာ ၂၆ရက်အထိ ရက်သတ္တခြောက်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၁-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၄၉)**
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၂၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင် သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် (အပိုင်း -၁၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

# ထွက်ခွာ

**အာရှလူငယ် ခရစ်ကက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ် ခရစ်ကက်အသင်းအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ထိုင်းနိုင်ငံသို့ မထွက်ခွာမီ နိုဝင်ဘာ ၁၇ရက်က တွေ့ရစဉ်။**

(ခရစ်ကက်အဖွဲ့ချုပ်)



# တာမွေ အထက(၂) ကျောင်းသားဟောင်းများ မြတ်ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၁၉၅၁ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် အထက(၂) တာမွေအုန်းတောခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဖုန်း- ၅၄၂၃၁၇၊ ဦးလှသောင်းဦး ဖုန်း- ၅၅၂၂၉၂၊ ဦးသိမ်းဆွေမြင့် ဖုန်း- ၅၅၂၂၀၀၊ ဦးအောင်ကြည် ဖုန်း- ၅၅၄၇၇၂၊ ဦးသိန်းနိုင်ဦး ဖုန်း- ၀၉-၅၁၀၂၄၁၀၊ ဒေါ်နီနီစိုး ဖုန်း- ၅၄၀၇၃၈၊ ဒေါ်လှမြင့် ဖုန်း- ၅၅၁၄၄၀နှင့် ဒေါ်တင်မြင့်ဝင်း ဖုန်း- ၅၄၄၉၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အင်ဒိုနီးရှားက ဟွန်ဒိုင်းကလပ်အသင်းကိုနိုင် အိမ်ရှင် မြန်မာအသင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်

သတင်းဓာတ်ပုံ- စိုးညွန့် (ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၁၉

**တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အူလ်ဆန်ဟွန်ဒိုင်းကလပ်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် ယနေ့ညနေ ၃နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၁၂၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ အင်ဒိုနီးရှားက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

**အင်ဒိုနီးရှားအသင်း - လေးဂိုး**
**အူလ်ဆန်ဟွန်ဒိုင်းအသင်း - သုံးဂိုး**
**အကောင်းဆုံးဆု- ရှင်ဂျန်ဘေး(ဂိုး) (အူလ်ဆန်ဟွန်ဒိုင်း)**
**ဒိုင်လူကြီး - ဦးလှတင့်**

အုပ်စု(က)မှ အုပ်စုဒုတိယဖြင့် တက်ရောက်ခဲ့သည့် အင်ဒိုနီးရှားအသင်းမှာ အူလ်ဆန်ဟွန်ဒိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အင်ဒိုနီးရှားအသင်းမှာ ခံစစ်ကို ဦးစားပေးကစားသွားပြီး အူလ်ဆန်ဟွန်ဒိုင်း၏ တိုက်စစ်ကိုအကောင်းဆုံး ထိန်းချုပ်ကာ ပယ်နယ်တီတွင်အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ အူလ်ဆန်ဟွန်ဒိုင်းအသင်းမှာ ပယ်နယ်တီနှင့် ကံမကောင်းခဲ့သည်ဟု ပြောရမည်ဖြစ်ပြီး ပွဲချိန်အတွင်း ရရှိသည့်ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်ခဲ့သလို ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာတွင်လည်း နှစ်ကြိမ်တိုင်အသာရခဲ့သော်လည်း အနိုင်မယူနိုင်ခဲ့၍ ဗိုလ်လုပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

ပထမပိုင်းတွင် အူလ်ဆန်ဟွန်ဒိုင်းအသင်းက အသာစီးမှကစားနိုင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက ယခင်ပွဲများကလောက် တိုက်စစ်အားမပါဖြစ်နေသည်။ အင်ဒိုနီးရှားအသင်းတွင် အဓိကကစားသမားများဖြစ်သည့် နံပါတ်-၁၅ အူတီနာ၊ နံပါတ်-၂၀ ဘမ်ဘန်းနှင့် နံပါတ်-၁၀ အလီယူဒင်တို့ ပါဝင်ကစားသွားကြပြီး ဘင်္ဂလားဒေ့ရှ်နှင့်ပွဲလို တွဲလုံးများဖြင့် ထိုးဖောက်ရန်ကြိုးစားသော်လည်း အူလ်ဆန်နောက်တန်းကို မကျော်နိုင်၍ အလုပ်မဖြစ်ခဲ့ပေ။ အူလ်ဆန်အသင်းမှာ နေရာစုံမှ တိုက်စစ်ဆင်ပြီး ဂိုးဧရိယာစည်းအပြင်မှ အမှတ်မထင်ကန်သွင်းချက်များဖြင့် ဂိုးရရန် ကြိုးစားသော်လည်း ကန်ချက်များမမှန်၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားက ဂိုးမပေးရရေးကို ဦးစားပေးကစားသွားပြီး အူလ်ဆန်ဂိုးပေါက်ကို တစ်ခါတစ်ရံမှသာ ထိုးဖောက်နိုင်ခဲ့သည်။ အူလ်ဆန်ဟွန်ဒိုင်းအသင်းမှာ ခံစစ်တွင်ခြောက်ယောက်၊ ခုနစ်ယောက်အထိ စုပြုံဖျက်ထုတ်နေသော အင်ဒိုနီးရှားနောက်တန်းကို အနီးပေးများ၊ တစ်ကိုယ်တော်ထိုးဖောက်မှုများဖြင့် ထိုးဖောက်တိုက်စစ်ဆင်ခဲ့သည်။ ၅၈မိနစ်တွင် နံပါတ်-၃၂ကင်ဆောင်မင်ဆွဲပြေးပြီး အပိုင်ကန်ခွင့်ရသော်လည်း ကန်ချက်ပျော့သွား၍ အူလ်ဆန်အသင်း တစ်ဂိုးနစ်နာခဲ့ရသည်။ ၆၆ မိနစ်တွင် ဒိုင်၏ဆုံးဖြတ်ချက်များအား ကန့်ကွက်နေသော အူလ်ဆန် နည်းပြ ကင်ဟွမ်ဆိုအား ဒိုင်က အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။ မိနစ် ၇၀ တွင် အူလ်ဆန်အသင်း ပယ်နယ်တီ ကန်ခွင့်ရသွားသည်။ အဆိုပါပယ်နယ်တီမှာ နံပါတ် ၃၆ လီဂျင်ဝူး၏ ထိုးဖောက်မှုကို အင်ဒိုနီးရှား ခံစစ်မှူး ယူလီအန်တို အဖျက်ကြမ်း၍ ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပယ်နယ်တီကို နံပါတ်-၃၂ ကင်ဆောင်မင် ကန်သွင်းရာ ဘေးထွက်သွား၍ အူလ်ဆန်အသင်း အနိုင်ဂိုးနှင့် လွဲချော်သွားသည်။

မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင် အူလ်ဆန်အသင်း ကစားအားကျသွားပြီး ဒုတိယပိုင်းလောက် ဖိအားပေးနိုင်ခြင်းမရှိခဲ့ပေ။ အင်ဒိုနီးရှားအသင်းကလည်း ရှေ့တန်းတွင် ဘမ်ဘန်းနှင့် မူဆာဖီတို့ကိုထားပြီး ဂိုးမပေးရရေးအတွက်သာ အဓိကထား ကစားခဲ့သည်။ အူလ်ဆန်အသင်းက အမြင့်ဘောများဖြင့်ထိုးဖောက်သော်လည်း ဂိုးသမား မာကွတ်ဟာဆန်က ကာကွယ်နိုင်ခဲ့၍ ပယ်နယ်တီအထိ ခရီးဆက်ခဲ့ရသည်။ ပယ်နယ်တီငါးလုံးစီကန်သွင်းရာတွင် အူလ်ဆန်အသင်းမှာ နှစ်ကြိမ်တိုင်အသာရခဲ့သော်လည်း အနိုင်ရခဲ့ခြင်းမရှိပေ။ ငါးလုံးစီကန်သွင်းအပြီးတွင် သုံးဂိုးစီသရေကျနေ၍ တစ်လုံးစီထပ်ကန်ရာ ပွဲချိန်အတွင်း ပယ်နယ်တီလွဲခဲ့သူ ကင်ဆောင်မင် ဝင်အောင်မကန်နိုင်ဘဲ အင်ဒိုနီးရှားမှ အူတီနာဝင်အောင်ကန်သွင်းနိုင်ခဲ့၍ အင်ဒိုနီးရှားက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။ အင်ဒိုနီးရှားမှ အစ်နန်အလီ၊ အီရိုအိုင်ဘာ၊ ယူလီအန်တိုနှင့် အူတီနာတို့ ဂိုးဝင်ခဲ့ပြီး အိုင်ဘွိုင်းနှင့်ဘမ်ဘန်းတို့၏ ကန်သွင်းချက်များကို အူလ်ဆန်ဂိုးသမားလက်စွမ်းပြ ကာကွယ်သွားသည်။ အူလ်ဆန်မှ ပတ်ယောင်ဆွတ်၊ ကင်ဒေါင်းကျူးနှင့် အိုဗျောင်းဟွမ်တို့ ဂိုးဝင်ပြီး လီဂျင်ဝူး၊ ဂျန်းဂျောင်းဟွန်နှင့် ကင်ဆောင်မင်တို့ ဂိုးမဝင်ခဲ့ပေ။

ပွဲအပြီးတွင် အကောင်းဆုံးဆုရ အူလ်ဆန်ဟွန်ဒိုင်းဂိုးသမား ရှင်ဂျန်ဘေးအား လွယ်ဟိန်းကုမ္ပဏီလီမိတက် (Alpine သောက်ရေသန့်)မှ ဒါရိုက်တာ ဦးစိုးမိုးလှိုင်မှ ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးတွင် အင်ဒိုနီးရှားနည်းပြ ဘန်နီဒေါ်လိုက "အူလ်ဆန်အသင်းလို ဘောလုံးကျွမ်းကျင်မှုရှိပြီး အရပ်အမောင်းကောင်းသည့်အသင်းကို အနိုင်ရခဲ့၍ ဝမ်းသာမိကြောင်း၊ မိမိတို့ထက်ကောင်းသည့် အသင်းဖြစ်၍ ခံစစ်ကိုဦးစားပေးပြီး Counter နှင့် ထိုးဖောက်ခဲ့ကြောင်း၊ ဗိုလ်လုပွဲကတော့ အလွန်ခက်ခဲသည့်ပွဲ ဖြစ်လာမည်ဟုထင်ကြောင်း၊ အိမ်ရှင်မြန်မာအသင်း၏ မျှော်လင့်ချက်ကို ရိုက်ချိုးနိုင်ရန်ကြိုးစားသွားမည်ဖြစ်ကြောင်း" စိန်ခေါ်ပြောကြားခဲ့သည်။

အူလ်ဆန်ဟွန်ဒိုင်း နည်းပြကင်ဟွမ်ဆိုက " မိမိတို့ပွဲပန်းနေ၍အကောင်းဆုံး မကစားနိုင်ခဲ့ကြောင်း၊ အင်ဒိုနီးရှားအသင်းက ခံစစ်ကိုအကောင်းဆုံး ကစားသွားကြောင်း၊ ဒိုင်၏ဆုံးဖြတ်ချက်များကို မကျေနပ်ကြောင်း၊ မိမိတို့ အနိုင်ရရန်အခွင့်အရေးများ ပေါ်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့ကြောင်း" ပြောကြားသွားသည်။




**အကောင်းဆုံးဆုရ အူလ်ဆန်ဟွန်ဒိုင်း ဂိုးသမား ရှင်ဂျန်ဘေးအား လွယ်ဟိန်းကုမ္ပဏီလီမိတက် (Alpine သောက်ရေသန့်) မှ ဒါရိုက်တာ ဦးစိုးမိုးလှိုင် အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်စဉ်။**

**၂၁-၁၁-၂၀၀၈**
**ညနေ(၃)နာရီ**
**(ဗိုလ်လုပွဲ)**
**မြန်မာလက်ရွေးစင် နှင့်**
**အင်ဒိုနီးရှားလက်ရွေးစင်**



**အင်ဒိုနီးရှားအသင်းမှ အူလ်ဆန်ဟွန်ဒိုင်းဘက်သို့ ပယ်နယ်တီကန်သွင်းနေစဉ်။**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာနိုင်ငံအောက်ပိုင်း၌ ညအပူချိန်အနည်းငယ်တိုးနိုင်

ရန်ကုန် နိုဝင်ဘာ ၁၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ် ၊မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ထူးခြားသည့်အခြေအနေ။** ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ကမ္ဘောဒီးယားနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားပြီး ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။

**နိုဝင်ဘာ ၂၀ရက်ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀ ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၅ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်) | ၁၈-၁၁-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၂၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်) | ၁၉-၁၁-၂၀၀၈ |
| ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၁ ရာခိုင်နှုန်း | ၁၉-၁၁-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၉ဒသမ၆ နာရီခန့် | ၁၈-၁၁-၂၀၀၈ |

## မျိုးဗီဇမြှင့်ငါးမြစ်ချင်းမျိုးငါးများစုဆောင်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မျိုးဗီဇမြှင့် ငါးမြစ်ချင်း မျိုးငါးများ စုဆောင်းနိုင်ရန် ရန်ကုန်တိုင်း ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသန်းဦးဝေ၊ မွေးမြူရေးပညာရှင် ဒေါ်မိုးသူဇာမောင်၊ တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်သန်းဦးတို့ပါဝင်သော အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်တွင် တွံတေးမြို့နယ် ရွှေမုရင်းဒေသရှိ ဦးဘသက်၏ ငါးမွေးကန်တွင် ခနဲဖြူသာရဝေါ၊ မအူပင်ဒေသမှ စုဆောင်းရရှိသော သဘာဝ ငါးမြစ်ချင်းမျိုးများထဲမှ မျိုးကောင်းမျိုးသန့်များအား မျိုးဗီဇမြှင့်တင်ရန် လက်ရွေးစင်မျိုးငါးရွေးချယ် သားဖောက်ခြင်းစနစ်ဖြင့် သားဖောက်ရန် ကွင်းဆင်းစုဆောင်း ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။**(အောက်ပုံ)** (ကြေးမုံ)



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၁၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu လိုက်ပါလျက် အထူးလေယာဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ ရောက်ရှိလာသည်။**

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✡

## အင်တာနက်သတင်း



**ပျားရည်တွင် ဘက်တီးရီးယားပိုးမွှားများကို သေကျေစေနိုင်သော အစွမ်းသတ္တိရှိသည်။**
*(ဓာတ်ပုံ-အင်တာနက်)*

ဘာသာပြန်–စံစံ

### ပျားရည်၏ ဆေးဖက်ဝင်အာနိသင် သုတေသနလေ့လာချက်များ၌ဖော်ပြ

အုတ်ကလန် နိုဝင်ဘာ ၁၉

**အပူလောင်ဒဏ်ရာများအား ကုသရာတွင် ပျားရည်ကိုအသုံးပြုနိုင်ကြောင်း နယူးဇီလန်နိုင်ငံမှ သုတေသီတစ်ဦး၏ လေ့လာချက်တွင် ဖော်ပြထားသည်။**

အပူလောင်ဒဏ်ရာကို ကုသရာတွင် ပျားရည်အတွင်းရှိ ဆေးဖက်ဝင်အာနိသင်များက အထောက်အပံ့ပေးနိုင်ကြောင်း နယူးဇီလန်နိုင်ငံ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

## သီးနှံစိုက်ဧက ၂၀၀၀ ကို ရေပေးဝေနိုင်မည့် ကန့်ဘလူမြို့နယ်မှ လင်ပန်းရေလှောင်တမံ

**နိုင်ငံတော်အစိုးရသည် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုရှေးရှု၍ စီမံကိန်းဝင်ဆည်တမံများ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ အချိန်တိုအတွင်းပြီးစီးနိုင်မည့် အသေးစားနှင့် အလတ်စား ဆည်မြောင်းစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်သည် စပါးနှင့် အခြားသီးနှံစုံ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားသည့်ဒေသဖြစ်သည်။ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်း၌ ဆည်ရေကို အသုံးပြုနိုင်၍ မိုးစပါးနှင့် နွေစပါးစိုက်ဧကများ တိုးတက်လျက်ရှိသည်။

ကြေးမုံသတင်းအဖွဲ့သည် ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းကျေးရွာ၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❒

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော လင်ပန်းရေလှောင်တမံ၏ ရေလျှံပေါက်ကို တွေ့ရစဉ်။

